# Cole Elementary School

# School/Family Compact ကျောင်း/မိသားစု သဘောတူညီမှု

# 2025-2026 School Year ၂၀၂၅ - ၂၀၂၆ စာသင်နှစ်

ကလေးများအား ပြည်နယ်မှ သတ်မှတ်ထားသည့် အဆင့်မြင့် ပညာရေးအဆင့်သို့ရောက်ရှိစေရန် Cole မူလတန်းကျောင်းနှင့် Title I, Part A of the Elementary and Secondary Education Act (ESEA) အရ ထောက်ပံ့မှုရရှိသည့် လှုပ်ရှားမှုများ၊ ဝန်ဆောင်မှုများနှင့်ပရိုဂရမ်များ၌ ပါဝင်သောကျောင်းသားများ၏မိဘများ(ပါဝင်သောကလေးများ)သည် ကျောင်း၊ကျောင်းဝန်ထမ်းများနှင့်မိဘများအကြား တာဝန်များအား မည်သို့ မျှဝေသွားကြမည်နှင့်၊ကျောင်းနှင့်မိဘများအကြား မည်သို့ အတူတကွ ဆက်ဆံရေးကို တည်ဆောက်ဖွံ့ဖြိုးစေမည်စသည်တို့အားဖော်ပြထားသည့် သဘောတူညီချက်တစ်ခု ဖြစ်ပါသည်။

Cole မူလတန်းကျောင်းသည် -

1. ပြည်နယ်၏ကလေးများ အောင်မြင်မှုစံနှုန်းများကို အောက်ပါအတိုင်းဖြည့်ဆည်းပေးနိုင်ရန် ပါဝင်ကြသော ကျောင်းသားများအား အထောက်အကူဖြစ်စေပြီး ထိရောက်သော သင်ယူမှုပတ်ဝန်းကျင်တွင် အရည်အသွေးမြင့် သင်ရိုးညွှန်းတမ်းနှင့်သင်ကြားချက်များကို လိုက်နာပြီး စီစဉ်ပြုလုပ်ပေးပါမည် -
    a. Literacy Coach/စာတတ်မြောက်ရေး နည်းပြ၊ Numeracy Coach/တွက်ချက်မှုပိုင်း နည်းပြ၊ EL Coach/အင်္ဂလိပ်ဘာသာစကား နည်းပြ၊ Math and Literacy Curriculum/သင်္ချာနှင့်စာတတ်မြောက်ရေး သင်ရိုးညွှန်းတမ်း၊ Professional Development/ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုးရေးနှင့် Professional Learning Communities/ ပရော်ဖက်ရှင်နယ် သင်ယူလေ့လာမှု ကွန်မြူနတီများ။

2. မိဘများအား ၄င်းတို့ကလေး၏စာသင်ခန်းများတွင် ပါဝင်ရန်နှင့် အောက်ပါ ကျောင်းတွင်း လှုပ်ရှားမှုများ - Family Resource Center, Field Day, Thanksgiving Lunch, Celebration of Cultures, Fall Festival, PTO, နှင့် Family Reading and Math Nights စသည်တို့အား လေ့လာနိုင်ရန်အတွက် အခွင့်အလမ်းများ စီစဉ်ပေးပါမည်။
3. ကျောင်း၏သင်ရိုးညွှန်းတမ်း ရှင်းလင်းချက်၊ကျောင်းသားများ၌ရှိရမည့်ကျွမ်းကျင်မှု အဆင့်များနှင့်ကလေးများ၏တိုးတက်မှုကို တိုင်းတာရာတွင် အသုံးပြုသည့် ပညာရေး အကဲဖြတ်မှုစာမေးပွဲ ပုံစံများနှင့် နိုဝင်ဘာလတွင် မိဘ-ဆရာ အစည်းအဝေးကို ပြုလုပ်သွားပါမည်။ ဝန်ထမ်းများအား ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် အီးမေးလ်ပေးပို့ခြင်းစသည်တို့ကို ပြုလုပ်နိုင်သည့်အပြင် ၊ ကျောင်းမတက်ခင် သို့မဟုတ် ကျောင်းဆင်းချိန်နောက်ပိုင်း၌၊ ဝန်ထမ်းများ၏ပြင်ဆင်ချိန်အတွင်း သို့မဟုတ် အခြားအချိန်များ၌လည်း ဝန်ထမ်းများကို ဆက်သွယ်နိုင်ပါသည်။
4. ရီပို့ကတ်များ၊တိုးတက်မှု ရီပို့များ၊ FAST Bridge မိသားစု ရီပို့များနှင့် Infinite Campus များမှတစ်ဆင့် ၎င်းတို့ကလေးများ၏ တိုးတက်မှုအတွက် တောင်းဆိုချက်အတိုင်း မိဘများအတွက် အစီရင်ခံစာများကို စီစဉ်ပေးပါမည်။
5. Title I, Part A ပရိုဂရမ်များတွင် ကျောင်း၏ပါဝင်မှုအကြောင်းကို မိဘများထံ အကြောင်းကြားရန်နှင့် ၊ ၄င်း Title I , Part A ၏ လိုအပ်ချက်များနှင့် မိဘများ၏ပါဝင်ခွင့်များစသည်တို့ကို ရှင်းပြပေးသော နှစ်ပတ်လည် အစည်းအဝေးကို မိဘများအတွက်

အဆင်ပြေသည့်အချိန်များ၌ ပြုလုပ်ပေးပါမည်။ အစည်းအဝေးတက်ရောက်ရန် မိဘများအဆင်ပြေသောအချိန် _ မနက်ပိုင်း သို့မဟုတ် ညနေပိုင်းစသည်တို့၌ မိဘ ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးများကို ထပ်မံစီစဉ်ပေးပါမည်။

6. သင်ကြားရေးဖြင့်ပတ်သက်သည့် ဆွေးနွေးချက်များ၊ အကြံပြုချက်များပေးနိုင်ရန်အတွက် အစည်းအဝေးများတွင် မိဘများ ပါဝင်နိုင်သောအခွင့်အလမ်းများကို ဖန်တီးပေးမည်။ မည်သည့်အကြံပြုချက်များကိုမဆို ကျောင်းမှအမြန်ဆုံး တုံ့ပြန်သွားပါမည်။

မိဘများသည် -

1. သူတို့၏သားသမီးများ၌ အိမ်စာများရှိခဲ့ပါက ကူညီပေးရမည်။
2. သူတို့၏သားသမီးများအား ကျောင်းသို့ နေ့စဉ် အချိန်မှီရောက်ရှိစေရမည်။
3. သူတို့၏သားသမီးများဖြင့်အတူ စာဖတ်ရမည်။
4. ကျောင်းမှ ဆက်သွယ်မှုများကို တုံ့ပြန်ရမည်။
5. သူတို့၏သားသမီးများ၏ပညာရေး အောင်မြင်မှုကို ဂုဏ်ပြုရမည်။

ကျောင်းသားများသည် -

1. သင်ယူလေ့လာမှု၌ အဆင်သင့်ဖြစ်ရန် ပြင်ဆင်ရမည်။
2. တိုးတက်လာရန် နေ့စဉ် ကျက်မှတ်လေ့လာရမည်။
3. အခြားကျောင်းသားများနှင့်ကျောင်းဝန်ထမ်းများအား လေးစားရမည်။
4. အိမ်စာနှင့် ကျောင်းစာများကို အစွမ်းကုန်ကြိုးစားလုပ်ဆောင်ရမည်။
5. အကူအညီလိုအပ်ခဲ့ပါက အကူအညီတောင်းဆိုရမည်။

အောက်ပါ QR code/ကျူအာ ကုဒ်ကို ဝင်ရောက်ကြည့်ရှုခြင်းဖြင့် ကျွန်ုပ်တို့၏ SY 25/26 DRAFT ဖြင့် ပတ်သက်ပြီး ကျေးဇူးပြု၍ အကြံပြုပေးပါ -